ပင်လုံကျေးရွာ

မော်ခါးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

# (၂၀၁၇–၂၀၂၁)




ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ပင်လုံကျေးရွာ၊ ဝန်းသိုမြို့နယ်**


(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## ၂၀၁၉ခုနှစ် မတ်

## မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
| --- | --- |
| မာတိကာ | ၁ |
| စကားချီး | ၅ |
| ပင်လုံ ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ် | ၇ |
| ပင်လုံ ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ် | ၈ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | |
| --- | --- |
| (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၉ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | ၉ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၀ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၀ |
| ( ခ) သဘာဝအရင်းအမြစ်များ | ၁၀ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၁ |
| ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၁ |
| ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၂ |
| (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၃ |
| ( င) ကျန်းမာရေးနှင့် အာဟာရ | ၁၄ |
| ( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၄ |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ | |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၅ |
| ( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၅ |
| ( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇ |
| (ဃ) ရွှေ့ပြောင်းလုပ်သားများ | ၁၈ |
| ( င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် | ၁၉ |

( စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉

(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉

( ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉

(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၂၁

(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂

( ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃

( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆

( ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇

( ဂ) ဦးစားပေး စီမံချက်များ ၂၇

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂

( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂

( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃

(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃

( ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅

( ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

**နောက်ဆက်တွဲ**

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**
**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**
**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ**
**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**
**ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ

**ဇယား** ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရဝေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၄၄

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တတ်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့် ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်လုံကျေးရွာ

မော်ခါးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

# ပင်လုံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

**ရည်ညွှန်း-** ပင်လုံကျေးရွာအရင်းအမြစ်ပြမြေပုံ - ပင်လကျေးရွာ၊ မော်ခါးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၈၊ ဒီဇင်ဘာလ ၁၂ ရက်)



ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

| လ/ အလုပ်အကိုင် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် ☺😐☹ | 😐😐😐 | 😐😐 | ☹ | ☹☹☹ | ☹☹☹ | | 😐😐 | | ☺☺☺ | ☺☺ | | ☺ |
|  | အတင့်အသင့် | အတင့်အသင့် | နည်း | နည်း | နည်း | | အတင့်အသင့် | | ကောင်း | ကောင်း | အတင့်အသင့် | အတင့်အသင့် |
|  | | | | | | | | | | | | |
|  | | | | စပါးစိုက် | | နှမ်းကြဲ | | စပါးရိတ် | နှမ်းရိတ် | | | |
|  | အတင့်အသင့် | | အတင့်အသင့် | | | နည်း | | | ဖူလုံမှုကောင်း | | ဖူလုံမှုရှိ | |
|  | | နည်း | နည်း | | လုံလောက်မှုကောင်း | လုံလောက်မှုရှိ | လုံလောက်မှုရှိ | လုံလောက်မှုရှိ | အတင့်အသင့် | အတင့်အသင့် | အတင့်အသင့် | အတင့်အသင့် |
|  | | ခွာနာ၊လျှာနာ ကျွဲ၊နွား | | ငှက်ဖျား - တုပ်ကွေး (လူ) | | | | ဝမ်းလျှော၊ ချောင်းဆိုး - ဖျား (လူ) | | | | |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | | | | | | ငှက်ဖတ်ပိုး (စပါး) | | နံ့ဖြတ်ပိုး (စပါး) | | | | |
|  | | | | | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | | အလှူပွဲ |
| သဘာဝ ဘေးအန္တရာယ် | လေပြင်းကျ | | | | ရေကြီးရေလျှံ | - | | | | | | |

## အပိုင်း က

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။** ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ပင်လုံကျေးရွာသည် ဝန်းသိုမြို့၏အရှေ့မြောက်ဘက်(၁၅)မိုင်အကွာတွင်တည်ရှိပြီးမော်ခါးအုပ်စုတွင်တည်ရှိပါသည်။မော်ခါးကျေးရွာအုပ်စုတွင် မော်ခါးကျေးရွာ၊ကျည်ကုန်းကျေးရွာ၊ကျောက်ကြီးကျေးရွာ၊မအူတောကျေးရွာ၊ဟူ၍ရွာ၅ရွာပါဝင်သောကျေးရွာတစ်အုပ်စုအဖြစ်တည်ရှိပါသည်။ရွာ၏အရှေ့ဘက်တွင်ကျောက်ကြီးကျေးရွာ၊ တောင်ဘက်တွင် မော်ခါးကျေးရွာ၊အနောက်တောင်ဘက်တွင်မအူတောကျေးရွာ၊မြောက်ဘက်တွင်ကျွန်းပင်ကျေးရွာ တို့နှင့်ထိစပ်လျှက်ရှိပါသည်။ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်ကွင်းများနှင့် သစ်တောများရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ရှိသောတောင်ကျချောင်းဖြစ်သည့် မောင်နှမချောင်းသည် ကျေးရွာတောင်ဘက်လမ်းမကြီးအား ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။**

<u>ရာသီဥတု။ ။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ကိုင်ရန်သင့်တင့်မျှတသောရာသီဥတုရှိပါသည်။</u>

<u>မြေမျက်နှာသွင်ပြင်။ ။ပင်လုံကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပါသည်။</u>

**(ခ) သဘာဝအရင်းအမြစ်များ ။** ပင်လုံကျေးရွာအနီးတွင် ရွှေအသင့်တင့် တွေ့ရှိရသော်လည်း ထုတ်ယူသုံးစွဲရန် ခက်ခဲပါသည်။ကျောက်၊လမ်းခင်းဂျင်းကျောက်မြေများအား ကျေးရွာအနီးတွင်ရှိသော မောင်နှမချောင်းတွင် လွယ်ကူစွာရရှိနိုင်ပါသည်။သဘာဝအပင်မျိုးစိတ်များ နွားစာ၊ဆေးဘက်ဝင်အပင်များအသင့်အတင့်တွေ့ရှိရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရွာနှင့်အနီးတဝိုက်တွင် တွေ့ရှိရန် အခွင့်အလမ်းနည်းပါးပါသည်။

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ် ကျား ၂ယောက်၊မ၃ယောက်ရှိပါသည်။၁နှစ်မှ၅နှစ်အောက် ကလေးငယ် ကျား၈ ယောက်၊မ၁၇ယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိ မူလတန်းကျောင်းသားအရွယ် ကျား ၁၅ ယောက်၊မ ၂၁ ယောက် ရှိပါသည်။၁၀နှစ်မှ၁၅နှစ်အလယ်တန်းကျောင်းသားအရွယ်ကျား၂၃ယောက်။မ၂၉ယောက်ရှိပါသည်။ ၁၅နှစ်မှ၆၅နှစ် အရွယ် အလုပ်လုပ်နိုင်သည့် ကျား၁၄၃၊မ ၁၃၅ ယောက်ရှိပါသည်။၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား ၆၊မ ၁၅ ယောက်ရှိပါသည်။စုစုပေါင်း ကျား၁၀၉၊ မ**

၁၁၀ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၂၁၉ ယောက်နေထိုင်ကြပါသည်။စုစုပေါင်းအိမ်ခြေ ၇၈အိမ် ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

**စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။** ။ပင်လုံကျေးရွာသည်စိုက်ပျိုးကိုအဓိကထားလုပ်ကိုင်ပြီးမွေးမြူရေးကိုလုပ်ငန်းကိုတပိုင်တနိုင်တွဲဘက်လုပ်ကိုင်မှုကြောင့်စားဝတ်နေရေးအသင့်အတင့်ဖူလုံသောအဆင့်တွင်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းများအား တနိုင်တပိုင်မွေးမြူကြပြီး ငွေကြေးအရင်းအနှီးမရှိသောအိမ်ထောင်စုများမှာ မလုပ်ကိုင်ကြပါ။ အခြားနေရာမြို့ရွာများသို့ ရွှေပြောင်းလုပ်ကိုင်သော အိမ်ထောင်စု(၈)အိမ်ရှိပါသည်။မြေ ပိုင်ယာပိုင်မရှိသူများသည် စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊အခြားကျပန်း၊ကြုံရာကျပန်းရရာအလုပ်များလုပ်ကိုင်ခြင်းဖြင့်အသက်မွေးကြပါသည်။ လယ်ယာစိုက်ပျိုးရေးတွင်ကောက်စိုက်ခြင်း၊ပျိုးနှုတ်ခြင်းလုပ်ငန်းများလုပ်ငန်းများတွင်နေ့စား(ကျား– ၇၀၀၀ကျပ်၊မ –၄၀၀၀–ကျပ်နှုန်းဖြင့်ငွေရမ်းရပြီး အနည်းဆုံးကျား၄၀၀၀၊မ၃၀၀၀ခန့်ရရှိပါသည်။အခြားလုပ်ငန်းများအနေဖြင့်ဆောက်လုပ်ရေးလက်သမား၊လက်သမားပန်းရံလုပ်ငန်းများလုပ်ကိုင်ကြပြီးအဆောက်အဦးဆောက်လုပ်လိုသောလုပ်ငန်းရှင်များငှားရမ်းသည့်အခါမှသာလုပ်ကိုင်ကြရသည်ကိုတွေ့ရှိရပါသည်။အခြားလုပ်ငန်းအဖြစ်သည့် ရွှေတူးဖော်သည့်လုပ်ငန်းများတွင် ကျား–၅၀၀၀၊မ၃၀၀၀ရရှိကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးလှပါသည်။ကျားနှင့်မလုပ်အားခကွာဟမှု မမြင့်ဟုထင်မြင်သုံးသပ်မိပါသည်။

**ပိုင်ဆိုင်မှုနှင့်မမျှတမှု။** ။ဤရွာရှိလယ်မြေများ၁၇၅.၉၀ကေရှိပြီးမြေဆီလွှာအရည်အသွေးမှာအသင့်အတင့်တောင်းမွန်ပါသည်။ မိုးရေခံလယ်များဖြစ်၍ မိုးရာသီကာလများတွင်သာစိုက်ပျိုးရသည့်တစ်သီးစားလယ်များဖြစ်ပါသည်။စားကျက်မြေသည်(၁၁.၅)ကေရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ကြပါသည်။မြေလွတ်မြေလပ်မှာ၁၃၇ကေရှိပြီးမြေဆီလွှာအရည်အသွေး အသင်အတင့်ကောင်းမွန်ပါသည်။

ဤရွာတွင် မြေယာပိုင်ဆိုင်ပြီး စီးပွားရေးအဆင်ပြေသောအိမ်ထောင်စု ( ၂၅ ) အိမ်သာရှိပြီး၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၆) အိမ်၊ မပြေလည်သော အိမ်ထောင်စု(၃၀) အိမ်ရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ဤရွာတွင်၃လအောက်ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု ၈ အိမ်ရှိပါသည်။၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု (၄) အိမ်ရှိပါသည်။ ထိုအိမ်များသည် လယ်ယာမြေပိုင်ဆိုင်မှုမရှိ သဖြင့် ဝင်ငွေရသော မည်သည့် အလုပ်မဆို ကြုံရာကျပန်းလုပ်ကိုင်၍ အခြားသူထံမှလည်း ချေးယူသုံးစွဲကြပါသည်။

**ထိခိုက်နစ်နာလွယ်မှု။** ။ပင်လုံကျေးရွာရှိလယ်မြေများသည် မိုးရေခဲလယ်များဖြစ်ကြပါသည်။ မိုးနည်းသောနှစ်များတွင် အချို့လယ်မြေများ စိုက်ပျိုး၍မရပါ။ ချောင်းရေကြီးမှု မကြာခဏဖြစ်ပြီး ကားများဖြတ်သန်းသွားလာမှု အခက်ခဲများကြုံတွေ့နေရပါသည်။ ရွှေဖြန်းများ ပြုလုပ်ခဲ့ကြသောကြောင့် မြေဆီလွှာပျက်စီးမှု မြင့်ပြီး ဖြန်းလုပ်ထားသောနေရာများတွင် စိုက်ပျိုး၍မရကြပါ။ တောင်ယာခုတ်ခြင်း၊သစ်ခိုးထုတ်ခြင်း၊အစိုးရစိုက်ခင်းများ အခုတ်ခိုင်းခဲ့ခြင်း (ယခင်က) တို့ကြောင့် သစ်တောပြန်းတီးမှုများရှိပါသည်။ကျေးရွာတွင်လူငယ်များသည် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ယာဉ်စည်းကမ်းနားမလည်၍ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် မတော်တဆထိခိုက်မှုများရှိပါသည်။မိသားစုစားဝတ်နေရေးအတွက် အမျိုးသမီးကဦးဆောင်နေရသည့်အပြင် မိသားစုတွင်ဆေးစွဲသူများရှိနေခြင်းကြောင့် ထိခိုက်လွယ်မှုပိုမြင့်ပါသည်။ မြေယာမဲ့ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံသူများနှင့် ကျပန်းလက်လုပ်လက်စား များသည် အလုပ်ကိုင်ရှားပါးချိန်နှင့်ကျန်းမာရေးခက်ခဲ့သည့်အချိန်များတွင် အခက်အခဲများ ပိုဖြစ်ကြပြီး ထိခိုက်မှုမြင့်မားရပါသည်။ဆေးသုံးစွဲသူများ ကူးစက်ရောဂါရနိုင်ခြေရှိကြပြီး ရွှေတွင်းလုပ်သား၊ ရွှေ့ပြောင်းလုပ်သား၊ ကားမောင်းအသက်မွေးသူများမှာလည်း မတော်တဆထိခိုက်မှုကြောင့် အသက်ဆုံးရှုံးနိုင်၍ ထိခိုက်လွယ်မှု မြင့်ပါသည်။

**(၂)(ဃ) ပညာရေး။** ။ပင်လုံကျေးရွာတွင် စာမတတ်သူ သက်ကြီးရွယ်အို ကျား၂ဦး မ၆ဦးရှိပါသည်။ မူလတန်းအ ဆင့်ရှိ သူကျား၁၀၅၊မ၁၀၅ စုစုပေါင်း၂၁၄ယောက်ရှိပါသည်။ အလယ်တန်းအအဆင့်ရှိသူ ၄၇ယောက်၊မ ၄၅ယောက်ပေါင်း ၉၂ ယောက်ရှိပါသည်။ အထက်တန်းအဆင့်ရှိသူ ကျား- ၁၅ ၊ မ-၁၂ပေါင်း ၂၇ယောက်၊ တက္ကသိုလ် ၊ကောလိပ်အဆင့်ရှိသူ ကျား၁၀၊မ ၂၀ စုစုပေါင်း(၃၀)ယောက်ရှိပါသည်။ပင်လုံကျေးရွာတွင် မူလွန်ကျောင်းရှိပြီး မူလတန်းကျောင်းဆောင်နှင့်မူလွန်ကျောင်းဆောင် ကျောင်းဆောင်(၂)ခုရှိပါသည်။မူလတန်းဆောင်မှာ ၁၉၈၀ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနှစ်ပေါင်း(၃၀)ကျော် သက်တန်းလွန်ကျောင်းဆောင်ဖြစ်နေပြီး အမိုး၊နံရံ၊အခင်းမှာ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်ပါသည်။မူလွန်ကျောင်းဆောင်မှာ ၂၀၀၃တွင် တိုးမြင့်ဖွင့်လှစ်ခဲ့ပြီး ကျောင်းဆောင်၏ ကြမ်းခင်းဧရိယာမှာ ၃၆၀၀ စတုရန်းပေရှိပြီး အရည်သွေးကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။ကျောင်းအိမ်သာမှာ ကောင်းမွန်ပါသည်။

**(၂)(င) ကျန်းမာရေး နှင့် အာဟာရ။** ။ကျေးရွာတွင် မိုးဦးကျရာသီဥတုတွင် ဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုတ်ကွေး ရောဂါ၊ငှက်ဖျားရောဂါနှင့်သွေတိုးရောဂါများ အနည်းငယ်ဖြစ်ပွားပါသည်။ HIVရောဂါများမှာ မူးယစ်ဆေးဝါးသုံးစွဲသူများတွင် ဖြစ်ပွားကြပါသည်။ ကျန်ရောဂါများမှာ ဖြစ်ပွားမှုနည်း၍အာဟာရချို့တဲ့မှုမှာ ဖြစ်ပွါးမှုနိမ့်ပါသည်။ရွာသူရွာသားများသည် ကျန်းမာရေး အသိပညာဗဟုသုတနည်းပါးလှပါသည်။ ဤရွာတွင်ကျန်းမာရေးဆရာမမှ ရောဂါများအတွက်

ကာကွယ်ဆေး ထိုးနှံမှုရှိပါသည်။ အဆုတ်ရောဂါအတွက် ကာကွယ်ဆေးထိုးနှံမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဟာရပညာ ပေးအစီအစဉ်ရှိပါသည်။ပင်လုံကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသည့်အတွက် ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို မော်နိုင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲသို့ကာကွယ်ဆေးများသွားရောက်ထိုးနှံကြပါသည်။ ကျောက်ကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ထားပြီး ကျေးရွာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြီးကြပ်(၁)ဆရာတစ်ဦး အား မြို့နယ်ကျန်းမာရေးဌာနမှ စေလွှတ်ပေးထားပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။** ။ ကျွန်တော်တို့ရွာတွင် ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိကြပါ။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့စည်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။အမျိုးသမီးများသည်ထမင်းချက်ပြုတ်ခြင်း၊ ကလေးထိန်း၊ စက်ချုပ် ခြင်းများကိုသာအဓိကလုပ်ကိုင်ကြပါသည်။ကျေးရွာသည် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထုအသိမြင်နည်းပါးသေးသော ကျေးရွာဖြစ်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ပင်လုံကျေးရွာတွင် မိဘဆရာအသင်း ၊ကျောင်း အကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းဖွံ့ဖြိုးရေးကော်မတီ၊လျှပ်စစ်မီးလင်းရေးကော်မတီနှင့် အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့များရှိပြီး ကျေးရွာ၏သာသနာရေး၊ဘာသာရေး၊လူမှုရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။၎င်းအဖွဲ့စည်းများ စွမ်းဆောင်ရည် အသင့်တင့် ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့စည်းဆိုင်ရာစနစ်တိုးတက်လာစေရန် စွမ်းရည်မြင့်သင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ခေါင်းဆောင်မှုသင်တန်း၊ စာရင်းအင်းသင်တန်းများလည်း လိုအပ် ပါသည်။

**(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။ပင်လုံကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့် အတင့်ရှိပါသည်။ (၁၂.၅)ကေအထက် အများဆုံးလယ်မြေပိုင်ဆိုင်သူ(၇)ဦး ရှိပြီး လယ်ယာမြေ (၅)ကေ မှ(၁၂)ကြားပိုင်ဆိုင်သူ(၂၉)ဦးရှိပြီး လယ်မြေ(၂)ကေမှ(၅)ကေကြား ပိုင်ဆိုင်သူ (၁၃)ကေနှင့် မြေယာမဲ့ဆင်းရဲသားတောင်သူ(၂၆)ဦးရှိပါသည်။စုစုပေါင်းအိမ်ခြေ(၇၈) အိမ်ရှိသောကြောင့် မြေ ယာမဲ့လက်လုပ်လက်စားကျပန်း(၂၆)ဦးရှိပါသည်။ ကျေးရွာ၏ရေအရင်းအမြစ်မှာ မိုးရေများမှသာ

စိုက်ပျိုး၍ရသော မိုးရေခံလယ်များဖြစ်ကြပါသည်။ မိုးရာသီတွင်သာရေများပေါ်များ၍ မိုးရွာသည့် အချိန်တွင် စုပေါင်းစီဆင်းလာသော ရေများကို မြောင်းငယ်လေးများဖြင့် လွှဲယူ၍ အသုံးပြုကြသော်လည်း လုံလောက်မှုမရှိပါ။စိုက်ပျိုးချိန်တွင်မိုးမရွာခြင်း၊ စိုက်ပျိုးရေမရ ရှိနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရာတွင် အခက်အခဲများရှိပါသည်။ မိုးရေခံလယ် လယ်များဖြစ်ပြီး လယ်မြေများသည် ရွံ့စေးဆန်မြေများ ဖြစ်ကြပါသည်။ ရာသီဥတုမမှန်သောနှစ်များတွင် အပြည့်ဝမစိုက်ပျိုးနိုင်ခြင်းနှင့်၊ စိုက်ပျိုးချိန်နောက် ကျခြင်းများ ကြုံတွေ့နေရပါသည်။ ထို့ပြင် ပုံစံ (၇) မရသောလယ်မြေများမှာ စိုက်ပျိုးစရိတ်ချေးငွေများမရပါ။မျိုးကောင်းမျိုးသန့်များမှာလည်း ဈေးကြီး၍ လွယ်ကူစွာ ဝယ်ယူအသုံးမပြုနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူဝယ်ယူအသုံးမပြုနိုင်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးရေးနည်းပညာများနှင့် အုပ်ချုပ်ရေးပိုင်ဆိုင်ရာ ဝန်ဆောင်မှုများမရရှိကြပါ။ သီးနှံများအားဖျက်ပိုးနှင့် ရောဂါပိုးများအနည်းငယ်ကျရောက်တတ်ပါသည်။ ရွာ၏အဓိကစိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်ပြီး တစ်ဧကလျှင် (၅၀)တင်းမှ အများဆုံး(၈၀)အထိ ထွက်ရှိပါသည်။ထို့ပြင် နှမ်းသီးနှံကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ နှမ်းမှာ (၁)ဧကလျှင် အနည်းဆုံး(၅)တင်းမှ (၉)တင်းထိထွက်ပါသည်။ စပါးကို ဝါဆိုလမှ ဝါခေါင်လကုန်ထိ စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလမှစတင်၍ နတ်တော်လကုန်အတွင်း ရိတ်သိမ်းကြပါသည်။နှမ်းကို တော်သလင်း လတွင်စိုက်ပျိုးကြပြီး ပြာသိုလတွင် ရိတ်သိမ်းကြပါသည်။ စိုက်ရာသီတွင် ရာသီဥ တုဖောက်ပြန်မှုကြောင့် စပါး၊ နှမ်းအထွက်နှုန်းများ လျော့ကျပါသည်။ စိုက်ပျိုးရေးနည်းပညာအသိမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ပင်လုံကျေးရွာသည် လယ်ရာလုပ်ကိုင်ရာတွင် ကိုယ်ပိုင်ကျွဲ၊နွားများကိုအသုံးပြုကြပါသည်။ကျေးရွာတွင်နွား မွေးမြူသူ အိမ်ထောင်စု (၂၈)အိမ်ရှိပြီး နွားကောင်ရေ (၁၃၁)ကောင်ရှိပါသည်။ကျွဲမွေးမြူသူ အိမ်ထောင်စု (၃၁)အိမ်ရှိပြီး ကျွဲကောင်ရေ (၁၅၂)ကောင်ရှိပါသည်။ ကြက်၊ ဝက်၊ များကိုလည်း တပိုင်တနိုင် မွေးမြူကြပါသည်။ ရွာသူ၊ရွာသားများသည် စီးပွါးဖြစ် မွေးမြူရေးကို စိတ်ပါဝင်စား သူများရှိသော်လည်း မွေးမြူရေးအထောက်အကူပြုလုပ်ငန်းများ၊ မွေမြူရေးဆိုင်ရာ နည်းပညာများ ၊ အသိပညာများလိုအပ်လျက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် စားကျက်မြေများအသင့်အတင့် ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ချေးငွေများ ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် စီးပွါးရေး အတော်အသင့် ချောင်လည် လာနိုင်ပါသည်။ ရွာတွင်လက်တွန်းထွန်စက်(၁၄)စီးရှိရာ စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှါးရမ်းကြပါသည်။ခြွေလှေ့စက်(၃)ဦးရှိပြီး လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို လူအနည်းစုသာ ငှါးရန်းအသုံးပြုနိုင်ကြပါသည်။ အရစ်ကျစနစ် ရှိသော်လည်းလူအချို့သာ ဝယ်ယူနိုင်ကြ ပါသည်။ မြက်ရိတ် စက်(၄)စင်း ရှိသော်လည်း အခငွေကြေးနှင့် ငှါးရမ်းသုံးစွဲခြင်းမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ။ ပင်လုံကျေးရွာတွင် လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။ လယ်ယာနှင့် သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်မကောင်းခြင်း၊ဈေးကွက်ဆိုင်ရာ အခြေအနေကို နားမလည်ခြင်းတို့ရှိနေပါသည်။ကုန်ကြမ်းများ အသင့်အတင့်ရှိသော် လည်း လမ်းပန်းဆက်သွယ်ရေးနှင့် ပစ္စည်းများ အရည်အသွေး အားနည်းနေမှုကြောင့် ဈေးကောင်းမရပါ။ထို့ပြင် နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင် မှုများမရရှိခြင်း၊ ချေးငွေမရခြင်း၊အသက်မွေးဝမ်းကျောင်းပညာတခုခုကို ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်း၊ အလုပ်ကိုင်ခွင့်လမ်းများနည်းပါးခြင်းတို့ ကြုံတွေ့နေရပါသည်။ ဤရွာတွင် ဈေးကွက် ဆိုင်ရာ အသိအမြင်များ လည်းအားနည်းနေသောကြောင့် အသိပညာပေး ရန်လိုအပ်နေပါသည်။ ချေးငွေများမှာ အစိုးရ စိုက်ဘဏ်ချေးငွေတစ်မျိုးတည်းသာရှိပြီး ပြင်ပအဖွဲ့အ စည်းနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများမရရှိသောကြောင့်အရင်အနှီးချေးငွေများ လိုအပ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ ကျေးရွာတွင် အခြားဒေသသို့ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စု(၁၄)အိမ်နှင့် လူဦးရေ(၂၈)ဦးရှိပါသည်။ ကျေးရွာအနီးတဝိုက်တွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် အခွင့်လမ်းများရှာဖွေရန် နှင့် ပညာသင်ကြားရန်အတွက် ရွှေ့ပြောင်းလုပ်သားများ ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများရှိခြင်းကြောင့်ကျေးရွာတွင် လုပ်သားအင်အား လျော့နည်းလာရပါသည်။ ရွှေ့ပြောင်းလုပ်သားများမှ ပြန်ပို့ငွေကို မှီခိုနေရသောအိမ်ထောင်စု(၁၄)စုရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ပိုမိုကောင်းမွန်သော လုပ်ငန်းလုပ်ကိုင်ရန် ရှာဖွေကြသော်လည်း ပညာတတ်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ကောင်းများရှိပြီး ပညာတတ်အခြေခံနည်းသူများမှာ အခွင့်လမ်းကောင်းများနည်းပါး၍ အခက်အခဲ များရှိပါသည်။

**(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။** ။ကျေးရွာနှင့်အနီးဆုံးဈေးမှာရွာနှင့် (၅)မိုင်မှ(၁၀)မိုင်အတွင်းတွင် ဂျိုးတောင်ဈေးရှိပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာ ၊ဆိုင်ကယ်၊သုံးဘီးတို့နှင့် သွားလာကြပါသည်။ဆက်သွယ်ရေးလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပါသည်။ဂျိုးတောင်ဈေးတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ အဝတ်အထည်၊ပရိဘောဂနှင့် မီးဖိုချောင်သုံး ပစ္စည်းများရရှိနိုင်ပါသည်။ ဂျိုးတောင်ဈေးထက် ဈေးကွက်ကျယ်ပြန့်ပြီး ပို့ကြီးသောအကြီးစားဈေးမှာ ကျေးရွာ နှင့်မိုင်(၃၀) မှမိုင်(၅၀)ခန့် အကွာအဝေးတွင်တည်ရှိသည့် ကောလင်းဈေး ဖြစ်ပါသည်။ပစ္စည်းစုံ ဝန်ဆောင်မှုရရှိနိုင်သည့် အပြင် ကုန်ပစ္စည်းများမှာလည်း ဈေးနှုန်းကွာဟမှုရှိပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊ သုံးဘီး၊ရထားတို့ဖြင့်သွားလာ ကြပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ကျေးရွာရှိ တောင်သူလယ်သမားများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလတို ချေးငွေဖြစ်၍ တောင်သူများ၏အခက်အခဲကြောင့် အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။မြန်မာ့စိုက်ပျိုးရေးဘဏ် အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။လယ်ဂရန်များကို အပေါင်ခံပစ္စည်းအဖြစ်တင်ပြနိုင်မှသာ ချေးယူခွင့်ရရှိသည့်အတွက် ပုံစံ(၇)မရရှိသောတောင်သူများမှာ ချေးငွေမရကြပါ။ သမဝါယမချေးငွေမှာ ၃လမှ၆လအတွင်းကာလတို ချေးငွေဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။ အလုပ်အကိုင် ရှားပါးချိန်များတွင်ငွေချေးပေးသူများထံမှ အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ ရှိပါသည်။ အတိုးနှုန်း (၅%)မှ (၁၀%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ ကာလရှည်ယူကြပါသည်။ အဓိက ပြဿနာမှာအတိုးနှုန်းများသောကြောင့်နေ့စားကျပန်းလုပ်ကိုင်ရသူများ အလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ကျေးရွာအနီးတွင် ရွှေမြဲန်း များပြုလုပ်ခဲ့ခြင်းကြောင့် အနီးတဝိုက်တွင် အပေါ်ယံမြေဆီလွှာများ ပျက်စီးခဲ့ပြီး စိုက်ပျိုးရေး မဖြစ်ထွန်းပါ။ တောင်ယာခုတ်ခြင်း၊သစ်ခိုးထုတ်ခြင်းနှင့် တောမီးလောင်ခြင်းကြောင့် သဘာဝအပင် မျိုးစိတ်များလည်း ပျက်သုန်းခဲ့ရပါသည်။ငါးမျိုးကွဲများမှာ ဘက်ထရီရှော့တိုက်ခြင်းငါးဖုံးခွဲခြင်းနှင့် ဆေးခတ်ခြင်းများကြောင့် မျိုးသုဉ်းခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ စွန့်ပစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် မြေဆီလွှာအတွက် ထိခိုက်မှုများရှိပါသည်။

**(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ပင်လုံကျေးရွာတွင် မူလွန် စာသင်ကျောင်းရှိပြီး မူလတန်းကျောင်းဆောင်အား ၁၉၈၀ခုနှစ်တွင် ကိုယ်ထူကိုယ်ထဆောက်လုပ် ခဲ့ပြီး ယခုချိန်တွင် အိုမင်းဟောင်းနွမ်းနေပြီဖြစ်ပါသည်။ ကျောင်းအမိုး၊နံရံ၊အခင်းမှာ ပျက်စီးဆွေးမြေ့ နေပြီဖြစ်ပါသည်။ မူလွန်ကျောင်းဆောင် အား၂၀၀၃ခုနှစ်တွင် ကျောင်းဆောင်သစ်ရရှိခဲ့ပြီး ကြမ်းခင်း ဧရိယာ ၃၆၀၀ ရှိပါသည်။ကျေးရွာတွင် မူလွန်အဆင့်တိုးမြင့်ဖွင့်လှစ်ထားသော်လည်း ဆရာ/ဆရာမ အင်အားမှာ မူလတန်းအတွက်သာရရှိနေပြီး မူလွန်အတွက် အလယ်တန်းပြမရရှိပါ။တပည့်နှင့် ဆရာ အချိုးမှာ (၄၀း၁) အောက်ဖြစ်သော်လည်း မူလွန်ဖြစ်သည့်အတွက် တန်းခွဲ(၈)ခုရှိပြီး ဆရာ/မ လုံလောက်မှုမရှိပါ။ဆရာနှင့်ကျောင်းသား မညီမျှမှုကြောင့် ပညာသင်ကြားမှု စွမ်းဆောင်ရည်များ လျော့နည်းလာရပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ၏ပညာရေးမှာ စိုးရိမ်စရာ အလွန်ပင် ကောင်းလှပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ကျောင်းသုံးစာအုပ်များလည်း လုံလောက်မှုရှိပါသည်။ဆင်းရဲသောမိသားစုများသည်မူလွန်အဆင့်မြောက်လျှင် ကျောင်းဆက်မတက် နိုင်ကြတော့ပါ။ဂျိုးတောင်အထကတွင် တက်ရောက်ပညာသင်ကြားရန် နေထိုင်စားသောက် စရိတ်များ မတတ်နိုင်ကြပါ။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲဖွင့်လှစ်နိုင်လျှင် အတန်းပညာပြီး မြောက်အောင် တက်ရောက်သူဦးရေများပြာလာမည်ဖြစ်ပါသည်။ ကျောင်းအားကစားပစ္စည်းများ

လက်လှမ်းမီမှုနည်းပါသည်။ မိဘဆရာအသင်း၏ ကျောင်းလုပ်ငန်းဆောင်ရွက်မှုမှာ အသင့်တင့် ရှိပါသည်။

ပင်လုံကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိ၍ မော်နိုင်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲမှ ကူညီစောင့်ရှောက်ပေးပါသည်။ ကျေးရွာအရှေ့ကျောက်ကြီးကျေးရွာတွင် ကိုယ်အားကိုယ်ကိုး ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ထားပြီး ကျေးရွာများအား ကျန်မာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကြီးကြပ်(၁)ဆရာ တစ်ယောက်အား မြို့နယ်ကျန်းမာရေးဌာနမှ စေလွှတ်ထား ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများတွင် အခြားမှဆရာမမှ လာရောက်ပေးရသဖြင့် ကြန့်ကြာမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ မြို့နယ်ဆေးရုံနှင့် (၁၅)မိုင်ခန့် ကွာဝေးလှပါသည်။ ဝေးလှသဖြင့် အရေးပေါ် လူနာများသာ သွားရပါသည်။

ပင်လုံကျေးရွာတွင် ရေတွင်း(၉)တွင်းနှင့် ၂၀၁၄-၂၀၁၅ခုနှစ်တွင် ကျေးလက်ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် စိမ့်စမ်းရေကိုအသုံးပြုကြပါသည်။စိမ့်စမ်းရေမှာ တောင်ကျ ချောင်း၏ အမြင့်တနေရာတွင် ရေစုကန်တမံတည်ဆောက်ပြီးရေပိုက်ဖြင့် ကျေးရွာသို့သွယ်ယူ အသုံးပြုရသဖြင့် သန့်ရှင်းမှုအားနည်းပါသည်။ထို့ကြောင့် သုံးရေနှင့်ချိုးရေအဖြစ်အသုံးပြုကြပြီး သောက်သုံးရေအား ရေတွင်းမှ အသုံးပြုကြပါသည်။စိမ့်စမ်းရေနှင့်ရေတွင်းများမှာ မိုးရာသီ၊ ဆောင်း ရာသီများသာ ရေပေါများပြီး နွေရာသီတွင် ရေနည်းပါးမှုရှိသော်လည်း ရေပြတ်လပ်သည်ထိ မရှိပါ။ကျေးရွာသူ/သားများသည် ရေလောင်း/ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။အိမ်သာမရှိသော အိမ်ထောင်စု(၄)အိမ်မှာ ကိုယ်ပိုင်အိမ်သာမရှိသေးမှီ မိဘအိမ်များနှင့် တွဲသုံးကြပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။** ။ ပင်လုံကျေးရွာရှိ ရွာတွင်းလမ်းအရှည် (၀.၇)မိုင်မှာ ကျောက်ခင်းလမ်းဖြစ်ပြီး မိုးရာသီတွင် ရေဝပ်ခြင်း၊ရေအိုင်များဖြစ်ပေါ်ခြင်းတို့ကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာချင်းဆက် လမ်းများမှာ ကျောက်ချောလမ်းဖြစ်ပြီး သိန်း(၁၀၀၀)လွှတ်တော်ရန်ပုံငွေဖြင့် သဲကျောက်လမ်းခင်းခဲ့ပြီး သွားလာရ အသင့်တင့်ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ''မောင်နှမချောင်းဆုံ''တံတားမှာ အလျား၂၅၄ပေ အနံ ၆ပေ နှင့် အမြင့်၄ပေရှိပါသည်။လွန်ခဲ့သော (၅)နှစ်ခန့်တွင် နိုင်ငံတော်မှ ဆိုင်ကယ်ကူးတံတားအဖြစ်တည်ဆောက်ပေးခြင်းဖြစ်ပြီး ကားများမောင်းနှင်၍မရနိုင်သဖြင့် မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေး ဆက်သွယ်ရေးခက်ခဲပါသည်။ကျေးရွာ၏ သယ်ယူပို့ဆောင်ရေး စနစ်မှာ ဆိုင်ကယ် နှင့် နွားလှည်းနှင့် ကားများကို အများဆုံး အသုံးပြုပါသည်။ ပွင့်လင်းရာသီမှသာ

အသုံးပြုနိုင်ပြီး မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် ဆိုင်ကယ်များကိုသာ အဓိကအသုံးပြုရပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး မဟာဓါတ်အားလိုင်းအား (၆၁)အိမ်အသုံးပြုနိုင်ပါသည်။ ရွာတွင် 100KV Transformer တစ်လုံးတပ်ဆင်ထားပြီး လုပ်ငန်းသုံးမရှိသဖြင့် မီးအား လုံလောက်စွာရရှိပါသည်။ ဆိုလာမီးနှင့် ဒီဇယ်အင်ဂျင်သုံးစွဲသည့် အိမ်များလည်းရှိပြီး လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၁၀)အိမ်လည်း ကျန်ရှိနေပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေးတွင် အိမ်တိုင်းနီးပါး ဖုန်းများရှိကြပြီး ဖုန်းအရေအတွက် (၁၄၉)လုံးရှိပြီးMPTနှင့် Telenorဖုန်းလိုင်းအား အင်တာနက်များပါချိတ်ဆက် အသုံးပြုနိုင်ပါ သည်။ မဟာဓါတ်အားလိုင်းအသုံးပြုသော အိမ်ထောင်စုများမှာ TV နှင့် စလောင်းများရှိကြပြီး သတင်းအချက်အလက်များရရှိနိုင်ပါသည်။

**(ည) လူငယ် နှင့် ယဉ်ကျေးမှု။** ။ ပင်လုံကျေးရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာ ယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်း၊သာရေးနာရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့ စည်းများ တက်ညီ လက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစား ကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများ မရှိခြင်းတို့ကြောင့် လူငယ်များအတွက် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်း လျော့နည်း လာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာသူများပြားလာရပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး လက်မှုပညာနှင့် အသက်မွေးဝမ်းကျောင်း အလုပ် အကိုင်အခွင့်လမ်းများနည်းပါးမှုကြောင့် လူငယ်များ အချိန်ပိုပြီး လူငယ်များ ပျက်စီးဆုံးရှုံး နေရပါ သည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ် ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

**(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။** ။ ပင်လုံကျေးရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက် အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ မူးယစ် ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကို ဖြည့်ဆည်း

ကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏ အဓိကရန်သူဖြစ်၍ တင်းတင်းကြပ်ကြပ်နှိမ်နှင်းမှုမရှိပါက စိုးရိမ်ဖွယ်အခြေအနေ ဖြစ်လာနိုင်ပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျ ချောင်းများ ရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေး တွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ ရွှေတူးဖော်ရရှိနိုင်ပြီး ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်ပါသည်။

### (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင် မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လုညွှ့်လည်သွားလာ၍ ဈေးရောင်း ရသူများ ပေါ်များလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည့် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက် လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေသြဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး

စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်း များ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

## (၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသ အဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင် ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်

မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်းဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပိုသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သားကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ အခြေခံ အဆောက်အဦ | ၁။ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း | ၁၂၂ | ၁ | | |
| | ၂။မောင်နှမချောင်းဆုံတံတားအား ကားကူးတံတားတည်ဆောက်ခြင်း | ၉၄ | ၇ | | |
| | ၃။ ရွာချင်းဆက်လမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း | ၈၆ | ၁၁ | | |
| ၂။ ပညာရေး | ၄။အလယ်တန်းကျောင်းခွဲရရှိအောင်ဆောင်ရွက်ခြင်း | ၁၁၅ | ၂ | | |
| | ၅။လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင် ရွက်ခြင်း | ၁၁၀ | ၃ | | |
| | ၆။ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ၁၀၄ | ၄ | | |
| ၃။ ဘဏ္ဍာနှင့် ငွေကြေး | ၇။ ပုံစံ(၇)မရရှိသောကျေးရွာများအား စိုက်ပျိုးစရိတ်ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၉၇ | ၅ | | |
